**ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ စနစ်တကျ ဆန်းစစ်လေ့လာမှု နှင့်**
**မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်**
**ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ မေလ ၂၂ ရက်၊ ၂၀၁၄**

**ဘားအံ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများ**

| အမျိုးအစား | တက်ရောက်လာသူများထံမှ အကြံပြုချက်များ | မှတ်ချက် |
|---|---|---|
| အကြောင်းအရာ | **စိုက်ပျိုးရေး** ( စပါးနှင့် အခြားနှစ်ရှည် သီးနှံများ) - စိုက်ပျိုးရေး ကဏ္ဍတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန်<br>• စိုက်ပျိုးရေး ကဏ္ဍတွင် ဘဏ္ဍာငွေရရှိရေး သေချာစေရန်<br>• စိုက်ပျိုးရေး ထွက်ကုန်များအတွက် ဈေးကွက်ရရှိရေး သေချာစေရန်<br>**မွေးမြူရေးနှင့် ငါးလုပ်ငန်း**<br>• အလုပ်အကိုင် အခွင့်အလမ်းများ မြှင့်တင်ပေးရန်အတွက် ငွေကြေး ကူညီထောက်ပံ့မှု လိုအပ်သည်။<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်း ကဏ္ဍတွင် **နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ** ပံ့ပိုးပေးရန်။<br>**လျှပ်စစ်ဓာတ်အား** (ဥပမာ - အစားအစာ ပြုပြင်စီမံသည့် အအေးပေးစက်ရုံများ တည်ထောင်ရန်) | |
| | **လျှပ်စစ်ဓာတ်အား**<br>• အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား မြှင့်တင်ရန်၊ အစားအစာ ပြုပြင်စီမံသည့် စက်ရုံများ၊ စက်မှုဇုန်များ တည်ဆောက် ရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန်။<br>**ဈေးကွက်ရရှိရန်**<br>• ကမ္ဘာ့ဈေးကွက်နှင့် ချိတ်ဆက်ရန်၊ အလုပ်အကိုင်များ (အထည်အလိပ် လုပ်ငန်း၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ) ဖန်တီးပေးရန်။ | |
| | စိုက်ပျိုးရေး<br>• တောင်သူများအား နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ ပံ့ပိုးပေးရန်၊ တောင်သူများအား ပညာပေးရန်၊ သတိပြုမှုကို မြှင့်တင်ရန် (ဥပမာ - စိုက်ပျိုးရေး တိုးချဲ့ဝန်ဆောင်ပေးမှုများ)။<br>**ပညာရေး**<br>• အချို့ကျောင်းများတွင် ဆရာများမရှိသည့် ကျေးလက်ဧရိယာများတွင် နည်းပညာ ကျွမ်းကျင်မှုအသစ် နှင့် ဗဟုသုတများ ရရှိစေရန်။<br>**အလုပ်အကိုင်ဖန်တီးပေးခြင်း**<br>• ပိုမိုကောင်းမွန်သော အလုပ်အကိုင်များ ရရှိရေးအတွက် ပြည်ပသို့ ထွက်ခွာကြသည်။ ကျေးလက်ဧရိယာများတွင် ပြောင်းရွှေ့လုပ်ကိုင်မှု သည် ပြဿနာတစ်ရပ် ဖြစ်နေသည်။ လူငယ်လူရွယ်များ မြန်မာနိုင်ငံမှ ထွက်ခွာပြီး ထိုင်းနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်နေကြသည်။ သူတို့၏ မိသားစုများထံသို့ ငွေများပြန်လည် လွှဲပြောင်းပေးနေသည်။ | |
| | **အမှန်တကယ် ဆင်းရဲနွမ်းပါးသူများ**( နိုင်ငံ၏ အဆင်းရဲဆုံး အပိုင်းများ ဥပမာ - ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်နှင့် ပဲခူးရိုးမ တောင်တန်းအနီးရှိ ကျေးရွာများ) အား အဓိက အလေးထားရန်အတွက်<br>**ပညာရေး** : ဗဟုသုတ နှင့် နည်းပညာကျွမ်းကျင်မှု / အသက်မွေးဝမ်းကျောင်း ဆိုင်ရာ သင်တန်း | |

| | | |
|---|---|---|
| | **သယ်ယူပို့ဆောင်ရေး** : သယ်ယူပို့ဆောင်ရေး ဆိုင်ရာ အကောင်းဆုံး နည်းလမ်းများကြောင့် အထူးသဖြင့် ဝေးလံဒေသများတွင် နေထိုင်နေကြသော လူထုများ အတွက် ပညာရေး၊ ကျန်းမာရေး နှင့် ဈေးကွက်ရရှိရေး အစရှိသော အရာ အားလုံးကို ကောင်းစွာ ရရှိစေမည်ဖြစ်သည်။<br>**ဈေးကွက်သို့ ဝင်ရောက်နိုင်ရန်။** | |
| | လူငယ်လူရွယ်များ အသက် ၁၄-၁၅ နှစ်အရွယ်တွင် ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်ကာ ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ကြသည်။ ပညာရေး၏ တန်ဖိုးကို ၎င်းတို့နားလည်ခြင်းမရှိကြချေ။ ၎င်းတို့သည် ထိုင်းနိုင်ငံ တွင် အလုပ်လုပ်ကာ ငွေကိုသာ ရလိုကြသည်။ သို့ရာတွင် ကျွမ်းကျင်မှုမရှိသော လုပ်သားများအဖြစ် အဆုံးသတ်သွားသည်။<br>**ပြောင်းရွှေ့လုပ်ကိုင်မှု** သည် ကရင်ပြည်နယ်တွင် အဓိက ကိစ္စတစ်ခုဖြစ်နေ သည်။ လူငယ်လူရွယ်များ ထွက်ခွာသွားသည့်အတွက် သက်ကြီးရွယ်အိုများနှင့် ကလေးများသာ ရွာတွင်ကျန်ရစ်ခဲ့သည်။<br>**ပညာရေး :** ကျွမ်းကျင်မှုရှိပြီး ပညာတတ်လုပ်သားများ ထုတ်လုပ်ပေးရန် ( ဥပမာ - အသက်မွေးဝမ်းကျောင်း သင်တန်းများ ပို့ချပေးရန်၊ တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်ပေးရန်)<br>ဆရာများအား သင်တန်းများပို့ချရန်၊ ကျောင်းအဆောက်အအုံများအား မြှင့်တင်ရန်၊ အရည်အသွေး ပိုရှိသည့် ဆရာများ ထုတ်လုပ်ပေးရန်။<br>ဈေးကွက်၊ သောက်သုံးရေနှင့် လျှပ်စစ်ဓာတ်အား ရရှိရန်။<br>ဘွဲ့ရကျောင်းသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန်။ | |
| | **စိုက်ပျိုးရေး -** ရေလွှမ်းမိုးမှုနှင့် မြေများ အရည်အသွေးကျဆင်းမှု အပါအဝင် အ အခက်အခဲအများအပြားကို ရင်ဆိုင်နေရသည်။<br>နည်းပညာ ကျွမ်းကျင်မှုများ ကူညီထောက်ပံ့ပေးရန်၊ မျိုးစေ့များ ထောက်ပံ့ရန် (ဥပမာ - ရေနစ်မြုပ်ဒဏ်ခံနိုင်သည့် စပါးမျိုး)၊ ဈေးကွက်ရရှိရေး ကူညီ ထောက်ပံ့ရန်၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ အသုံးပြုရမည့် နည်းပညာ များ အကူအညီပေးရန်။ | |
| | အလှူရှင်များထံမှ ကူညီထောက်ပံ့ငွေများ အောက်ခြေလူထုဆီသို့ တိုက်ရိုက် ရောက်ရှိစေရန် ( ဥပမာ - အကူအညီပေးသည့် ငွေများ တကယ်လိုအပ်နေ သည့် ပြည်သူများထံ ရောက်ရှိသွားစေရန်)<br>**သယ်ယူပို့ဆောင်ရေး** - ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် (ဥပမာ - အချို့ ကျေးရွာများတွင် အသီးအနှံ ပမာဏ အများအပြား ထုတ်လုပ်နိုင်သော် လည်း လိုအပ်သည့် အထောက်အပံ့ ပစ္စည်းလုံလောက်မှုမရှိသည့်အတွက် ဈေးကွက်သို့ ပို့နိုင်ခြင်းမရှိချေ) | |
| | အချို့သော ကူညီထောက်ပံ့ရေး အစီအစဉ်များသည် တစ်ခါတစ်ရံ ဒေသခံများ၏ အခြေအနေနှင့် ကိုက်ညီမှုမရှိဘဲ ဒေသအသိုက်အဝန်းအတွက် ဝန်ထုတ်ဝန်ပိုး ဖြစ်စေသည်။ (ဥပမာ - တိရစ္ဆာန်အစာစိမ်းသိုလှောင်ရာကျီများ၊ မျိုးစေ့ဘဏ်)<br>အသက်မွေးဝမ်းကျောင်း သင်တန်း<br>ပညာရေး (ရေရှည်) | |
| | အသက်ငယ်ရွယ်စဉ် (အသက် ၃ နှစ်မှစတင်) ကောင်းစွာ စည်းကမ်း လိုက်နာတတ်ရန် ကျေးလက်ဧရိယာများတွင် မူကြိုကျောင်းများ တည်ထောင် ရန်။<br>ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ရမည်။ ( အားလုံးခြုံငုံပါဝင်သော တိုး တက်မှု) | |
| | **အခြား ဆွေးနွေးသည့် အချက်များ -**<br>• ကရင်ပြည်နယ်တွင် အဓိကကျသည့် မြေယာပြဿနာမရှိပါ။ | |

| | | |
|---|---|---|
| | • ထုတ်လုပ်မှု လျော့နည်းခြင်း ၊ စိုက်ပျိုးရေးအတွက် ငွေကြေးပံ့ပိုးမှု မရှိခြင်း၊ ရေလွှမ်းမိုးခြင်း<br>• ကရင်ပြည်နယ်၏ အဓိက ထုတ်လုပ်မှု (မြေပဲ၊ စပါး၊ ပဲပုတ်)<br>• သစ်တောများ၊ သဘာဝ အရင်းအမြစ်များ၊ ဓာတ်သတ္တုများအား ကာကွယ် ထိန်းသိမ်းရန်<br>• ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆွေးနွေးသူများ အကြား ယုံကြည်မှု ကင်းမဲ့နေသည်။<br>• စက်မှုဇုန်များ (အထည်ချုပ် စက်ရုံများတွင် လုပ်သား ၅၀၀ အထိ ခန့်ထားနိုင်သည်) သို့ရာတွင် ဈေးကွက်သို့ ရောက်ရှိရန် အချိန်ယူရ မည်ဖြစ်သည် (ဂျပန်ဈေးကွက်သို့ ရောက်ရှိရန် အချိန် ၂ လကြာမည်ဖြစ်သည်)<br>• ကရင်ပြည်နယ်တွင် အလုပ်သမား တစ်ယောက် (တစ်လဝင်ငွေ ကျပ် ၁၀၀၀၀၀) ဖြစ်နေစဉ် ထိုင်းနိုင်ငံတွင် တစ်ရက်လျှင် ဘတ်ငွေ ၃၀၀ ဖြစ်နေသည်။<br>• ဝန်ဆောင်မှုလုပ်ငန်း / အသေးစားနှင့် အလတ်စား လုပ်ငန်းများ၏ ထုတ်လုပ်မှုများ တိုးတက်ရန် လိုအပ်သည်။ | |
| လုပ်ငန်းစဉ် | | |